**ဘဏ္ဍာရေးအရာရှိချုပ် အဖြစ်မှ အနားယူခြင်းနှင့် ဘဏ္ဍာရေးအရာရှိချုပ်အသစ် ခန့်အပ်မှုကို ကြေညာခြင်း။**

TMH Telecom Public Company Limited ၏ ဒါရိုက်တာအဖွဲ့မှ ထုတ်ပြန်ကြေညာသည်မှာ လက်ရှိ ကုမ္ပဏီ၏ ဘဏ္ဍာရေးအရာရှိချုပ် ဖြစ်သည့် ဒေါ်နေခြည်လင်း သည် ၂၀၂၄ခုနှစ် မတ်လ (၂၅) ရက်နေ့အထိ ကုမ္ပဏီ၏ ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်မည်ဖြစ်ကြောင်း အစုရှယ်ယာရှင်များအား အသိပေးကြေညာအပ်ပါသည်။

ဒေါ်နေခြည်လင်းသည် ၎င်းအတွက် ပိုမိုကောင်းမွန်သည့် အနာဂါတ်အခွင့်အလမ်းများနှင့် ကိုယ်ရေးကိုယ်တာ ကိစ္စရပ်များ ဆောင်ရွက်ရန်အတွက် ကုမ္ပဏီမှ အနားယူခဲ့ခြင်းဖြစ်သဖြင့် ဒါရိုက်တာအဖွဲ့မှ ခွင့်ပြုခဲ့ခြင်း ဖြစ်ပါသည်။ ဒေါ်နေခြည်လင်းသည် ကုမ္ပဏီတွင် တာဝန်ထမ်းဆောင်ခဲ့စဉ် ကာလမှ ယခုအချိန်အထိ ကုမ္ပဏီမှ အားကိုးယုံကြည်ရသော ဘဏ္ဍာရေးအရာချုပ် တစ်ဦးအဖြစ် စီမံခန့်ခွဲခဲ့သည့်အပြင် ကုမ္ပဏီ၏ အကျိုးဖြစ်ထွန်းမှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့်အတွက် ဒါရိုက်တာအဖွဲ့မှ အသိအမှတ်ပြုပါသည်။

ကုမ္ပဏီ၏ ဘဏ္ဍာရေးဌာန၏ တာဝန်များကို တာဝန်ခံအသစ်အနေဖြင့် ဒေါ်အိချိုစန်းမှ (၂၆-၃-၂၀၂၄) ရက်နေ့မှ စတင်၍ ဆက်လက်တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်အိချိုစန်းအနေဖြင့် TMH Telecom Public Company Limtied သို့ ၂၀၂၄ခုနှစ် ၊ ဇန်နဝါရီ လ (၁) ရက်နေ့မှ စတင်၍ တွဲဖက်ဘဏ္ဍာရေးအရာရှိချုပ်အနေဖြင့် ဘဏ္ဍာရေးဌာနမှ တာဝန်များကို ဆောင်ရွက်လျက်ရှိပြီး ၊ ၂၀၂၄ခုနှစ် မတ်လ (၂၆) ရက်နေ့မှစတင်၍ TMH Telecom Public Company Limited ၏ ဘဏ္ဍာရေးအရာရှိချုပ်အဖြစ် လွှဲပြောင်း တာဝန်ယူဆောင်ရွက်သွားမည် ဖြစ်ပါသည်။

ဒေါ်အိချိုစန်းသည် ၏ လုပ်ငန်းအတွေ့အကြုံနှင့် အရည်အသွေးသည် ကုမ္ပဏီ၏ စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရာတွင် အထောက်အကူပြု ဆောင်ရွက်နိုင်မည်ဟု မျှော်မှန်းပါသည်။

ဒေါ်အိချိုစန်းသည် ဝါဏိဇ္ဇဗေဒဘွဲ့ကို ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ ရရှိခဲ့ပြီး ၊ Diploma in International Financial Reporting ကိုလည်း ရယူထားပါသည်။ သူမသည် Association of Chartered Certified Accountant (ACCA part III) ကိုလည်း တက်ရောက်လျက်ရှိပါသည်။

ဒေါ်အိချိုစန်းသည် မြန်မာပြည်တွင်း ကုမ္ပဏီများဖြစ်သည့် Shwe Than Lwin Co., Ltd. ၊ Myanmar Mayson Industries’ Co., Ltd. ၊ Win & Win Group of Co., Ltd., အစရှိသည့်ကုမ္ပဏီများတွင် ဘဏ္ဍာရေးဆိုင်ရာ တာဝန်များကို ဆောင်ရွက်ခဲ့ပြီး လုပ်ငန်းအတွေ့အကြုံ ၁၉နှစ် နှင့် အထက်ရှိသူ တစ်ဦး ဖြစ်ပါသည်။

ဒါရိုက်တာအဖွဲ့၏ အမိန့်အရ

ဦးသီဟလွင်

အုပ်ချုပ်မှုဒါရိုက်တာ

၂၀၂၄ခုနှစ် ၊ မတ်လ (၂၀ ) ရက်။

Address : No. 18/A, Koh Min Koh Chin Road, Bahan Township, Yangon.
Phone : (+951)9552100, 9552101, 9552112

Website: www.tmhtelecom.com ,Email: info@tmhtelecom.com